# ဝိညာဉ်တော်ကို ရှူသွင်းခြင်း၊ အသက်ရေကိုသောက်သုံးခြင်းနှင့် ဘုရားသခင်၏မုန့်ကို စားသုံးခြင်းအားဖြင့် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေးခြင်းကို တွေ့ကြုံခံစားခြင်း

ဖတ်ရန်ကျမ်း။ ။ ယော၊ ၂၀း ၂၂၊ ၆း ၃၃၊ ၅၇။ ၁ကော၊ ၁၀း ၃–၄။ ဗျာ၊ ၂း ၇၊ ၁၇၊ ၃း ၂၀

## I. ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်ကို ရှင်ပြန်ထမြောက်ခြင်း၌ သားတော်အားဖြင့် သန့်ရှင်းသောလေအဖြစ် တပည့်တော်များအထဲသို့ မှုတ်သွင်းတော်မူခဲ့သည်–ယော၊ ၂၀း ၂၂။

က။ ယောဟန်ဧဝံဂေလိကျမ်းတွင် ခရစ်တော်သည် ဘုရားသခင်၏သိုးသငယ်ဖြစ်လာရန် အသွေးအသားဖြစ်လာခဲ့ကြောင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာခဲ့ကြောင်းကို ဖွင့်ပြထားသည်။ ထို့ကြောင့်၊ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် မိမိကိုယ်တော်တိုင်ကို ပြီးမြောက်ပြည့်စုံသောဝိညာဉ်တော်အဖြစ် တပည့်တော်များအထဲသို့ မှုတ်သွင်းတော်မူခဲ့သည်–၁း ၂၉၊ ၂၀း ၂၂။

၁။ ၂၀း ၂၂ ၌ရှိသော သန့်ရှင်းသောဝိညာဉ်တော်မှာ ၇း ၃၉ ၌ မျှော်လင့်ထားသော ဝိညာဉ်တော်ဖြစ်ပြီး ၁၄း ၁၆–၁၇၊ ၂၆။ ၁၅း ၂၆ နှင့် ၁၆း ၇–၈၊ ၁၃ တို့၌ ကတိထားခဲ့သော ဝိညာဉ်တော်ဖြစ်သည်။ ဤသည်မှာ သခင်ဘုရားသည် တပည့်တော်များအထဲသို့ သန့်ရှင်းသောဝိညာဉ်တော်ကို မှုတ်သွင်းပေးခဲ့ခြင်းမှာ ကိုယ်တော်ကတိထားခဲ့သည့် အခြားသောနှစ်သိမ့်ပေးသူ၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။

၂။ ဝိညာဉ်တော်အဖြစ် ကိုယ်တော်သည် တပည့်တော်များအထဲသို့ မှုတ်သွင်းခဲ့သည်၊ ထိုသို့အားဖြင့် ကိုယ်တော်သည် တပည့်တော်များ၌ အသက်ရှင်နိုင်ပြီး၊ သူတို့ကို ကိုယ်တော့်အားဖြင့်၊ ကိုယ်တော်နှင့်အတူ အသက်ရှင်စေနိုင်ကာ၊ ကိုယ်တော်သည် သူတို့၌တည်နေနိုင်၍၊ သူတို့ကိုလည်း ကိုယ်တော်၌ တည်စေနိုင်သည်–၂၀း ၂၂။ ၁၄း ၁၉–၂၀။ ၁၅း ၄–၅။

၃။ ဝိညာဉ်တော်ကို တပည့်တော်များအထဲသို့ မှုတ်သွင်းပေးခြင်းအားဖြင့်၊ သခင်ယေရှုသည် သူကိုယ်တော်တိုင်ကို သူတို့အထဲသို့ အသက်နှင့် အရာခပ်သိမ်းအဖြစ် ဝေမျှထည့်သွင်းပေးခဲ့သည်။

၄။ ၂၀း ၂၂ ၌ရှိသော သန့်ရှင်းသောဝိညာဉ်တော်သည် အမှန်တကယ်တွင် ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သည်၊ အကြောင်းမှာ ဤဝိညာဉ်တော်သည် ကိုယ်တော်၏အသက်လေဖြစ်တော်မူသည်။ ထို့ကြောင့် ဝိညာဉ်တော်သည် သားတော်၏ အသက်လေဖြစ်တော်မူသည်။

ခ။ သခင်ဘုရားသည် အသက်ကိုပေးတော်မူသော ထိုဝိညာဉ်တော် ဖြစ်တော်မူ၍၊ ဤဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ အသက်လေဖြစ်သည်– ၂ကော၊ ၃း ၆၊ ၁၇။ ယော၊ ၂၀း ၂၂။

၁။ ဘုရားသခင်ဖြစ်တော်မူသော နှုတ်ကပတ်တော်သည် ဘုရားသခင်၏သိုးသငယ်ဖြစ်လာရန် အသွေးအသား ဖြစ်လာ၍ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် အသက်လေကို မှုတ်သွင်းရန် သန့်ရှင်းသောလေ ဖြစ်လာခဲ့သည်– ၁း ၂၉။ ၂၀း ၂၂။

၂။ ယခုတွင် ကျွန်ုပ်တို့၌ နှုတ်ကပတ်တော်၊ သိုးသငယ်၊ အပင်နှင့် အသက်လေတည်းဟူသော ခရစ်တော်ရှိသည်– နှုတ်ကပတ်တော်သည် ထင်ရှားခြင်းအတွက်ဖြစ်ပြီး၊ သိုးသငယ်သည် ရွေးနှုတ်ခြင်းအတွက်ဖြစ်ကာ၊ အပင်သည် အသက်ကို ဝေမျှထည့်သွင်းပေးခြင်းအတွက်နှင့် အသက်လေသည် ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းအတွက် ဖြစ်သည် – ၁း ၁၊ ၂၉။ ၁၀း ၁၀ခ။ ၁၄း ၁၉။ ၁၅း ၁။

ဂ။ အသက်လေတည်းဟူသော ပြီးမြောက်ပြည့်စုံသောဝိညာဉ်တော်သည် ခရစ်ယာန်အသက်တာကို အသက်ရှင်ခြင်း၌ ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းဖြစ်တော်မူသည်။ အသက်လေသည်သာလျှင် ခရစ်ယာန်တစ်ဦးဖြစ်စေနိုင်ပြီး၊ ဝိညာဉ်တော်တည်းဟူသော အသက်လေသည်သာလျှင် အောင်မြင်သူဖြစ်စေနိုင်သည်–ဂလ၊ ၃း ၃– ၂၊ ၁၄။ ဖိ၊ ၁း ၁၉။ ဗျာ၊ ၂း ၇။

## II. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေးခြင်းကို တွေ့ကြုံခံစားမည်ဆိုလျှင်၊ ကျွန်ုပ်တို့အားလုံးသည် တူညီသောဝိညာဉ်ဆိုင်ရာရေ၊ အရာအားလုံးပါဝင်သော အသက်ပေးသော ဝိညာဉ်တော်တည်းဟူသော ခရစ်တော်ကို သောက်သုံးရန် လိုအပ်သည်–၁ကော၊ ၁၀း ၃–၄။

က။ ၁ကော၊ ၁၀း ၄ ၌ရှိသော ဝိညာဉ်ဆိုင်ရာရေသည် ကျောက်ဆောင်မှ စီးဆင်းထွက်လာသော အသက်ရေကို ရည်ညွှန်းပြီး၊ ဤကျောက်သည် အသေခံတော်မူသော၊ ရှင်ပြန်ထမြောက်တော်မူသောခရစ်တော်ကို ပုံဆောင်ပြီး၊ ဤရေသည် ကျွန်ုပ်တို့၏ အရာအားလုံးပါဝင်သောသောက်သုံးခြင်းတည်းဟူသော ဝိညာဉ်တော်ကို ပုံဆောင်သည်–ထွ၊ ၁၇း ၆။ ယော၊ ၇း ၃၇–၃၉။ ၁ကော၊ ၁၂း ၁၃။

ခ။ အသက်ရေတည်းဟူသော ဝိညာဉ်ဆိုင်ရာရေသည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော အသက်ရေဖြစ်သည်။ ကျွန်ုပ်တို့သည်

ရှင်ပြန်ထမြောက်ခြင်း၌ရှိသော အသက်ရေကို သောက်သုံးကြသောအခါ၊ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ပုဂ္ဂိုလ်များနှင့် ရှင်ပြန်ထမြောက်ခြင်း၏ ပုဂ္ဂိုလ်များ ဖြစ်လာကြသည်–၁၀း၄။ ယော၊၁၄း၂၀။ ၂ကော၊၁း၉။

ဂ။ ကျွန်ုပ်တို့သည် အသက်ပေးသောဝိညာဉ်တော်တည်းဟူသော ခရစ်တော်ကို သောက်သုံးခြင်းအားဖြင့် ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ လုပ်ဆောင်ကာ၊ သောက်သုံးခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျွန်ုပ်တို့အထဲသို့ ယူဆောင်ကြပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏အသက်နှင့် စေ့စပ်ထုံးဖွဲ့မှု ဖြစ်လာရန် ကိုယ်တော်နှင့် ကျွန်ုပ်တို့သည် အသက်ဆိုင်ရာ တစ်လုံးတစ်ဝတည်း ဖြစ်လာသည်–၁ကော၊၁၀း၄။ ကော၊၃း၄၊ ၁၀–၁၁။

**III. ဘုရားသခင်၏စီမံကိန်းမှာ ကျွန်ုပ်တို့သည် ခရစ်တော်ကို ဘုရားသခင်၏မုန့်အဖြစ် စားသုံး၍၊ ကိုယ်တော့်ကို ထင်ရှားရန်နှင့် ကိုယ်စားပြုရန်အလို့ငှာ ကိုယ်တော်နှင့် စေ့စပ်ထုံးဖွဲ့ခံရခြင်း ဖြစ်လာသည် – ၁တိ၊၁း၄။ ယော၊၆း၃၅၊ ၄၁၊ ၅၇။ က၊၁း၂၆။**

က။ ဘုရားသခင်၏ထာဝရစီမံကိန်းမှာ လူကို ကိုးကွယ်ခံဦးခေါင်းအရာ၌ မဟုတ်ဘဲ၊ အသက်နှင့် သဘောသဘာဝ၌ ကိုယ်တော်နှင့် ပုံတူပွားဖြစ်စေရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မုန့်တည်းဟူသော ခရစ်တော်ကို စားသုံးခြင်းအားဖြင့် အသက်နှင့် သဘောသဘာဝ၌ ဘုရားဖြစ်လာကြသည် – ယော၊ ၆း၃၃။

ခ။ ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ အလုပ်လုပ်ရန်နှင့် ကျွန်ုပ်တို့၏ အစားအစာကို ပြောင်းလဲကာ ကောင်းကင်ဆိုင်ရာမုန့်တည်းဟူသော ခရစ်တော်ကို ကျွေးမွေးခြင်းဖြင့် ကျွန်ုပ်တို့၏ စေ့စပ်ထုံးဖွဲ့မှုကို ပြောင်းလဲရန်ဖြစ်သည်–ထွ၊၁၆း၁၄–၁၅။ ယော၊၆း၂၇၊ ၃၂၊ ၃၅။

ဂ။ ယောဟန် ၆ တွင် ခရစ်တော်ကို ကျွန်ုပ်တို့၏ မုန့်အဖြစ်ဖွင့်ပြထားသည်–ကောင်းကင်ဆိုင်ရာမုန့်၊ အသက်မုန့်၊ အသက်ရှင်သော မုန့်၊ မှန်သောမုန့်နှင့် ဘုရားသခင်၏ မုန့် ဟူ၍ဖြစ်သည်–အငယ်၊၃၂–၃၃၊ ၃၅၊ ၄၁၊ ၄၈၊ ၅၀–၅၁။

ဃ။ သခင်ယေရှုသည် ကျွန်ုပ်တို့အား ကိုယ်တော့်ကို ဘုရားသခင်၏မုန့်၊ အသက်မုန့်နှင့် အသက်ရှင်သောမုန့်အဖြစ် စားသုံးရန်၊ ကြေညက်သွားစေရန်နှင့် ပေါင်းစပ်သွားစေရန် အလိုရှိသည် – အငယ်၊ ၃၃၊၃၅၊ ၅၁။

၁။ အသက်မုန့်ဆိုသည်မှာ မုန့်၏ ပုံစံအနေနှင့် မစသော အသက်ဖြစ်သည်–အငယ်၊၃၅။

၂။ *အသက်မုန့်သည် အသက်ဖြစ်သော မုန့်*၏သဘောသဘာဝကို ရည်ညွှန်း၍၊ *အသက်ရှင်သောမုန့်သည်* အသက်ရှင်နေသော မုန့်၏ အခြေအနေကို ရည်ညွှန်းသည်–အငယ်၊၃၅၊ ၅၁။

င။ ဘုရားသခင်၏စီမံကိန်းမှာ ကျွန်ုပ်တို့၏ အတွင်းပိုင်း၌ ခရစ်တော်၏ကြွလာခြင်း အကြောင်းအရာဖြစ်သည်။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော့်ကို စားသုံးခြင်းအားဖြင့် ခရစ်တော်ကို ယူဆောင်ရန် လိုအပ်သည်– ဧ၊ ၃း၁၇က။ ယော၊၆း၅၇။

၁။ သမ္မာကျမ်းစာ၌ ဝိညာဉ်ဆိုင်ရာစားသုံးခြင်းနှင့်စပ်လျဉ်းသောမှတ်တမ်းတွင် ဘုရားသခင်သည် သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ အထဲသို့စားသုံးခြင်း၏ နည်းလမ်းဖြင့် ဝေငှဖြန့်ဖြူးလိုကြောင်း ဖွင့်ပြထားသည်–အငယ်၊ ၅၇။ ၁ကော၊၁၀း၃။ ဗျာ၊၂း၇။ ၂၂း၁၄။

၂။ စားသုံးခြင်းသည် ကျွန်ုပ်တို့၏ အပြင်ဘက်တွင်ရှိသော အရာများကို ထိတွေ့ခြင်းနှင့် ကျွန်ုပ်တို့အတွင်းသို့ ထိုအရာများကို လက်ခံရရှိခြင်းဖြစ်ပြီး၊ ရလဒ်မှာ ၎င်းတို့သည် ကျွန်ုပ်တို့၏ စေ့စပ်ထုံးဖွဲ့ခြင်း ဖြစ်လာသည် က၊ ၂း၁၆–၁၇။

၃။ သခင်ယေရှုကို စားသုံးခြင်းသည် ကိုယ်တော့်ကို ကျွန်ုပ်တို့အထဲသို့ လက်ခံရရှိခြင်းဖြစ်သည်။ သို့မှသာ ကိုယ်တော်သည် အသက် လမ်း၌ အသစ်မွေးဖွားခြင်းခံရသော လူသစ်အားဖြင့် ကြေညက်ပေါင်းစပ်သွားခြင်းရှိနိုင်မည်ဖြစ်သည်–ယော၊၆း၅၆–၅၇။

၄။ စားသုံးခြင်းသည် ကိုယ်တော်၏ ထင်ရှားခြင်းနှင့် ကိုယ်စားပြုခြင်းအတွက် ဘုရားသခင်၏ ဝေငှဖြန့်ဖြူးပေးခြင်းကို တွေ့ကြုံခံစားရန် နည်းလမ်းဖြစ်သည်–က၊၁း ၂၆။ ၂း၉။ ယော၊၆း၅၁က၊ ၅၃–၅၇။

၅။ ကျွန်ုပ်တို့စားသုံး၍၊ အစာချေပြီး ပေါင်းစပ်သွားသောအစားအစာသည် အမှန်တကယ်တွင် ကျွန်ုပ်တို့ဖြစ်လာကြသည်။ ဤသည်မှာ ရောနှောပေါင်းစည်းခြင်း၏ အကြောင်းအရာဖြစ်သည်–၁ကော၊၁၀း၁၇။

၆။ လူနှင့်အတူ ဘုရားသခင်အလိုတော်ရှိသော တစ်လုံးတစ်ဝဖြစ်ခြင်းကို ကျွန်ုပ်တို့ အစာစားခြင်း၊ ကြေညက်ခြင်းနှင့် တစ်သားတည်းဖြစ်စေခြင်း ရှိသောအခါ ဖြစ်ပေါ်သည့်အရာအားဖြင့် သရုပ်ဖော်ပြထားသည်–ယော၊၆း၅၇။

၇။ ကျွန်ုပ်တို့စားသောအရာသည် ကျွန်ုပ်တို့ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ မုန့်တည်းဟူသော ခရစ်တော် ကို စားမည်ဆိုလျှင် ကျွန်ုပ်တို့သည် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့် သဘောသဘာဝ၌ ဘုရားဖြစ်လာ ကြလိမ့်မည်ဖြစ်သည်။

စ။ ဗျာဒိတ်၊ ၂ နှင့် ၃ တွင်ရှိသော သခင်ဘုရား၏နှုတ်ကပတ်တော်အရ၊ အောင်မြင်သူများသည် သူတို့၏ မစသောအစာအဖြစ် သခင်ဘုရားကို သင့်လျော်မှန်ကန်သောစားသုံးခြင်းသို့ပြန်လည်ရယူခြင်းခံရသည်။ သူတို့သည် ကိုယ်တော့်ကို အသက်ပင်နှင့် ဝှက်ထားသောမန္နမုန့်အဖြစ် စားသုံးရုံသာမက၊ ကိုယ်တော်၏ကြွယ်ဝခြင်းများနှင့်ပြည့်နေသော စားသောက်ပွဲအဖြစ်လည်း စားသုံးကြသည်– ၂း၇၊ ၁၇။ ၃း၂၀။

*© 2022 Living Stream Ministry*